# နိုင်ငံရေးဘောဂဗေဒ - မြန်မာနိုင်ငံ

တင်ပြသူ - မျိုးမြင့်

# နိုင်ငံရေးဘောဂဗေဒ ဆိုတာဘာလဲ

- နိုင်ငံရေး ဘောဂဗေဒ ဟာ ၁၇ ရာစု အစပိုင်းလောက်က စပြီး ပေါ်ပေါက်လာခဲ့တဲ့ သက်တမ်း ရှည်ကြာနေပြီဖြစ်တဲ့ဘာသာရပ်တစ်ခု ဖြစ်သည်။
- မူရင်း အစအားဖြင့် နိုင်ငံရေးဘောဂဗေဒ သည် ထုတ်လုပ်မှု၊ လဲလှယ်ရောင်းဝယ်ဖေါက်ကားမှု၊ ထုတ်လုပ်ရောင်းဝယ်ဖေါက်ကားမှုနှင့်ဆက်နွှယ်သည့် ဥပဒေ၊ ထုံးတမ်း အလေ့အထ၊ အစိုးရ၏ စီမံခန့်ခွဲမှု၊ အမျိုးသားဝင်ငွေနှင့် ခနဲ့ဥစ္စာခွဲဝေမှုတို့ကို လေ့လာသော ဘာသာရပ် ဖြစ်သည်။
- နိုင်ငံရေးဘောဂဗေဒ နယ်ပယ်ဟာ တဖြည်းဖြည်း ကျယ်ပြန့်လာပြီး စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး စသည် ဖြင့် အထူးပြုလေ့လာ လာကြပြီး စီးပွားရေးဘာသာ၊ လူမှုဗေဒ၊ အပြည်ပြည်ဆိုင်ရာဆက်ဆံရေး စသည်ဖြင့် သီးခြား ဘာသာရပ်များ ပေါ်လာပြီး ၁၉ ရာစု နှောင်းပိုင်းကာလကစပြီး နိုင်ငံရေးဘောဂဗေဒ ဟူသည့် အသုံးအနှုန်း မေးမှိန်သွားခဲ့တယ်။

# နိုင်ငံရေးဘောဂဗေဒ ဆိုတာဘာလဲ (၂)

- ၂၀ ရာစု ဒုတိယပိုင်းလောက်က စပြီး၊ နိုင်ငံရေး ဘောဂဗေဒ ပြန်လည်ဆန်းသစ်လာပြီး၊ နိုင်ငံရေးနှင့် စီးပွားရေးအခြေခံအကြောင်းရင်းများအပေါ်မူတည်၍ နိုင်ငံများ၏ စီးပွားရေးစနစ် နှင့် နိုင်ငံကို မည်ကဲ့သို့ စီမံအုပ်ချုပ်သည်ကိုလေ့လာ။
- နိုင်ငံရေး နှင့် စီးပွားရေး အပြန်အလှန်ဆက်နွယ် သက်ရောက်မှု စီးပွားရေးစနစ်နှင့် စီးပွားရေးမူဝါဒအပေါ် စနစ်တကျ ဖွဲ့စည်း ထားသော အဖွဲ့အစည်းများ၏ လွှမ်းမိုးသက်ရောက်မှု။ (၁၉၇၀ ခုနှစ်များ)

# ၁၉၄၈ ခု မှ ၂၀၁၇ ခုနှစ်အထိ မြန်မာ့စီးပွားရေး

- (၁) ပါလီမန် ဒီမိုကရေစီခေတ် (၁၉၄၈ မှ ၁၉၆၂)
- (၂) မြန်မာဆိုရှယ်လစ်လမ်းစဉ်ခေတ် (၁၉၆၂ မှ ၁၉၈၈)
- (၃) စစ်အစိုးရ၏ ဈေးကွက်အခြေပြုခေတ် (၁၉၈၈ မှ ၂၀၁၀)
- (၄) သမတ ဦးသိန်းစိန် အစိုးရ ကာလ ၂၀၁၁ မှ ၂၀၁၆
- (၅) NLD အစိုးရ ၂၀၁၆ မတ်လ---------

# ပါလီမန် ဒီမိုကရေစီခေတ် (၁၉၄၈ မှ ၁၉၆၂)

- လယ်ယာမြေ ပြည်သူပိုင် သိမ်းမှု
- ဆိုရှန်တိုပီလာ စီမံကိန်း (၁၉၄၇၊ ဇွန်လ)
- (၂) နှစ်စီမံကိန်း (၁၉၄၈၊ ဧပြီလ၊ ၁ ရက်)
- ပြည်တွင်းစစ် စတင် (၁၉၄၈၊ မတ်လ၊ ၂၈ ရက်)
- စစ်ဦးစီးချုပ် အား ဒုတိယဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ နှင့် ပြည်ထဲရေးဝန်ကြီးအဖြစ် ခန့်အပ်ထားခြင်း။

# ပါလီမန် ဒီမိုကရေစီခေတ် (၂)

## လယ်ယာကဏ္ဍ

- လယ်ယာ စနစ်ပြုပြင်ပြောင်းလဲရေး
- အစိုးရလက်ဝါးကြီးအုပ် ဆန်တင်ပို့မှု
- စပါးအထွက်နှုန်း
- သားငါးကဏ္ဍ

# ပါလီမန် ဒီမိုကရေစီခေတ် (၃)

**စီမံကိန်းများ**

- ပြည်တော်သာ စီမံကိန်း (၁၉၅၂ မှ ၁၉၅၉)
- KTA နှင့် Robert Nathan တို့ကို ငှားရမ်းရေးဆွဲသည်။
- ရည်မှန်းချက်   - ရှစ်နှစ်အတွင်း စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု (ဂျီ၊ဒီ၊ပီ) ၂ ဆ တိုးရန်၊ တစ်နှစ်ပျမ်းမျှ ဂျီ၊ဒီ၊ပီ ၏ ၂၀% ရင်းနှီးမြှုပ်နှံရန်
- ရန်ပုံငွေအခက်အခဲကြောင့် ပြည်တော်သာစီမံကိန်းကို ၁၉၅၆ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ရသည်။
- ခေါင်းဆောင်များညီညွတ်မှုမရှိ၊ မိမိတို့စိတ်ကြိုက်ဦးဆောင်ကြီးကိုင်မှုမှာ အောင်မြင်မှုမရခြင်းအတွက် အကြောင်းရင်းတစ်ခုဖြစ်သည်။
- ပဉ္စမလေးနှစ် စီမံကိန်း (၁၉၅၆ မှ ၁၉၅၉)

# ပါလီမန် ဒီမိုကရေစီခေတ် (၄)

- နိုင်ငံခြားငွေ အမြောက်အများရရှိမှု
- ကိုရီးယား စစ်ပွဲကာလအတွင်း ဆန် အမြောက်အများ ဈေးကောင်းဖြင့် တင်ပို့နိုင်ခဲ့သည်။
- ဂျပန်စစ်လျော်ကြေး
- နိုင်ငံတကာမှ ကူညီထောက်ပံ့မှု
- နိုင်ငံပိုင်အကြီးစားစက်ရုံများ၊ ရထားလမ်း နှင့် အခြေခံ အဆောက်အအုံများ တည်ဆောက်သည်။

# ပါလီမန် ဒီမိုကရေစီခေတ် (၅)

- အဆိုးထဲမှ အကောင်း
- ခွင့်ပြုချက်လိုင်စင်စနစ်ဖြင့် ပြည်ပတင်သွင်းမှုကို ချုပ်ကိုင်သည်။
- အခွင့်ထူးခံ ဆွေးမျိုး အပေါင်းအသင်း နှင့် ကုန်သည်ကြီးများကို ကြီးပွားချမ်းသာလာစေသည်။
- အသေးစား လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေး စက်ရုံများ ဖြစ်ထွန်းလာသည်။

# ပါလီမန် ဒီမိုကရေစီခေတ် (၆)

- စစ်တပ်၏ အခန်းကဏ္ဍ
- ၁၉၅၈ ခု အာဏာရ ဖ၊ဆ၊ပ၊လ ပါတီ အတိအလင်း ၂ ခြမ်းကွဲမှု နှင့် ဗိုလ်ချုပ်နေဝင်း၏ အိမ်စောင့်အစိုးရ။
- ၁၉၅၀-၅၁ ခုမှစ၍ စစ်တပ်က စီးပွားရေးစတင်လုပ်ကိုင်ခဲ့သည်။
- ဒီ အက်(စ) အိုင်၊ ၁၉၆၀ ခုနှစ်တွင် လုပ်ကိုင်သည့် လုပ်ငန်း အမျိုး အစားပေါင်း ၂၅ မျိုးကို လုပ်ကိုင်သည် (ငါးလုပ်ငန်း၊သယ်ယူပို့ဆောင်ရေး လုပ်ငန်း၊ အထွေထွေ ကုန်သွယ်ရေးလုပ်ငန်း)။
- ဘီ၊အီး၊ဒီ၊စီ ကို ၁၉၆၁ ခု ပါလီမန် အက်ဥပဒေ ၁၃ ဖြင့် တည်ထောင်သည်။

# ပါလီမန် ဒီမိုကရေစီခေတ် (၇)

- ၁၉၄၇-၄၈ မှ ၁၉၆၁-၆၂ ခုနှစ် အတွင်း တိုးတက်မှု
- စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု (ဂျီ၊ဒီ၊ပီ)။ တစ်နှစ် ပျှမ်းမျှ ၅.၃% တိုးတက်ခဲ့သည်။
- လူတစ်ဦးကျဝင်ငွေ တစ်နှစ် ပျှမ်းမျှ ၃.၀% တိုးလာသည်။
- ၁၉၆၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ တစ်ဦးကျဝင်ငွေမှာ အမေရိကန် ဒေါ်လာ ၆၇၀ ရှိပြီး၊ ထိုင်းနိုင်ငံ ထက် ၂ ဆ ကျော်၊ အင်ဒိုနီးရှား ထက် ၃ ဆ ကျော်ရှိခဲ့သည်။ (Myanmar in Transition. ADB 2012)

# တော်လှန်ရေးကောင်စီ အစိုးရ (၁၉၆၂ မှ ၁၉၇၄)

- တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်။
- တောင်သူလယ်သမားအရေး လုပ်ဆောင်ချက်များ။
- စီးပွားရေးလုပ်ငန်းများ ပြည်သူပိုင်သိမ်းယူခြင်း။
- ပို့ကုန်သွင်းကုန်လုပ်ငန်းများချုပ်ကိုင်မှုနှင့် ပြင်ပကမ္ဘာနှင့် အဆက်ဖြတ်မှု
- ကျပ် ၅၀ တန်၊ ၁၀၀ တန် ငွေစက္ကူများ ဖျက်သိမ်းခြင်း(၁၉၆၄၊ မေလ)။
- ပေါင် စတာလင် ဖုံ မှ နှုတ်ထွက်ခြင်း (၁၉၆၅ ခု အောက်တိုဘာ)။
- ၁၉၇၂ - ၇၃ နှစ် အထိ တိုးတက်မှုနှုန်း (တစ်နှစ်ပျမ်းမျှ)
- စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု : ၂.၃% ။ လူဦးရေ : ၂.၂%

# လမ်းစဉ်ပါတီအစိုးရခေတ်(၁၉၇၄ မှ ၁၉၈၈)

- နှစ် ၂၀ စီမံကိန်း (၁၉၇၄-၇၅ မှ ၁၉၉၃-၉၄)
- ရည်မှန်းချက်များ
  - လူနေမှု အဆင့်အတန်း နှစ်ဆ တိုးမြှင့်ရန်၊
  - စိုက်ပျိုးရေးနိုင်ငံမှ လယ်ယာအခြေခံ စက်မှုနိုင်ငံ အဖြစ် ကူပြောင်းရန်၊
  - ၁၉၈၆ ခုနှစ်နောက်ပိုင်း အလုပ်လက်မဲ့ လုံးဝ ပပျောက်ရန်၊

# လမ်းစဉ်ပါတီအစိုးရခေတ်(၂)

- လယ်ယာကဏ္ဍတွင် အစိုးရ၏ စွတ်ဖတ် ဟန့်တားမှုများ
- ဆန်တင်ပို့ရောင်းချမှု

  ၁၉၆၂ ခုနှစ် ပြည်ပသို့ ဆန် တန် ၂ သန်းခန့် တင်ပို့ (ကမ္ဘာတင်ပို့မှု၏ ၃၀% ကျော်)

  ၁၉၇၆ ခုနှစ် ပြည်ပသို့ ဆန် တန် ၅ သိန်းခန့် တင်ပို့ (ကမ္ဘာ့တင်ပို့မှု၏ ၅% ခန့်)
- တနေ့တခြား အခြေအနေ ဆိုးဝါးလာမှုကြောင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများထံမှ အကူအညီများ ပြန်လည်ရယူ။ (၁၉၇၅)

# လမ်းစဉ်ပါတီအစိုးရခေတ်(၃)

- ၁၉၇၅-၇၆ မှ ၁၉၈၁-၈၂ အတွင်း တစ်နှစ်တိုးတက်မှုနှုန်း ၆%၊
- ၁၉၈၂-၈၃ မှစ၍ တိုးတက်မှုကျဆင်း၊ ၁၉၈၆-၈၇ တွင် ၁% သာရှိ
- (လယ်ယာကဏ္ဍ ၀.၃%၊ စက်မှုကဏ္ဍ (-) ၂.၆%)
- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ စီးပွားရေးဆန်ဆန်ဆောင်ရွက်ရေး
- ၁၉၈၇-၈၈ တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၅၂ ခုအနက် ၂၃ ခု အရှုံးပေါ်
- ၁၉၈၈ ခု မတ်လတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း၏ ဘဏ်ကြွေးကျန် ကျပ် ၄၄.၇၆၅ သန်း (၄,၄၇၆ ကုဋေ)

# လမ်းစဉ်ပါတီအစိုးရခေတ်(၄)

- ၁၉၈၇ ပြည့်လွှန်နှစ်များမှစ၍ ပြည်ပတင်ပို့မှုမှရငွေ သိသိသာသာ ကျဆင်းလာသည်။
- ၁၉၈၇ မတ်လတွင် နိုင်ငံခြားငွေ ရန်ပုံငွေမှာ တစ်လစာ သွင်းကုန်တင်သွင်းနိုင်ရုံပမာဏအထိ ကျဆင်းလာခဲ့သည်။
- ပြည်သူပိုင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမှာ ပျက်စီးပြုန်းတီးမှုများ အစားထိုး ပြုပြင်ရန်အတွက်ပင် မလုံလောက်ဖြစ်ရသည်။
- ရင်းနှီးမြှုပ်နှံမှုအတွက် နိုင်ငံခြားချေးငွေအပေါ် မှီခိုနေရသည်။

# လမ်းစဉ်ပါတီအစိုးရခေတ်(၅)

- ကြွေးမြီ ဝန်ထုတ်ဝန်ပိုး တနေ့တခြားကြီးမားလာသည်။
- ၁၉၈၀ ဆယ်စု အလယ်ပိုင်းကာလမှစ၍ ကြွေးမြီပေးဆပ်ရသည့် ငွေပမာဏမှာ ပြည်ပပို့ကုန်နှင့် ဝန်ဆောင်မှုမှရငွေ၏၄၀%ကျော်ရှိသည်။
- ကြွေးမြီပြဿနာ ဖြေရှင်းနိုင်ရေးအတွက် ၁၉၈၆ ခုနှစ်တွင် ကမ္ဘာ့ဖွံ့ဖြိုးမှု အနည်းဆုံးအဆင့်ဝင် နိုင်ငံအဖြစ် သတ်မှတ်ပေးရန် ကုလသမဂ္ဂသို့ လျှောက်ထားခဲ့သည်။
- ၁၉၈၇ ခု ဒီဇင်ဘာလတွင် ၄၁ နိုင်ငံမြောက် ဖွံ့ဖြိုးမှု အနည်းဆုံးအဆင့်ဝင် နိုင်ငံ (ကမ္ဘာ့ အဆင်းရဲဆုံးနိုင်ငံ) အဖြစ် ကုလသမဂ္ဂ က လက်ခံအတည်ပြုခဲ့သည်။

# လမ်းစဉ်ပါတီအစိုးရခေတ်(၆)

- လမ်းစဉ်ပါတီ အစိုးရ စတင်ခဲ့သည့် ၁၉၇၄ - ၇၅ ခုနှစ် မှ ၁၉၈၇ - ၈၈ နှစ် အထိ နိုင်ငံတော်ဘတ်ဂျက်တွင် နှစ်စဉ်လိုငွေဖြစ်ပေါ်ခဲ့သည်။
- လိုငွေ ပမာဏမှာ တစ်နှစ်ထက် တစ်နှစ် ပိုမိုကြီးမားလာပြီး၊ လိုငွေများကို အဓိကအားဖြင့် ငွေစက္ကူ အသစ်များရိုက်နှိပ် ဖြည့်တင်းခဲ့သည်။
- ပြည်တွင်းငွေပမာဏ ၁၉၇၅ ခု စက်တင်ဘာလတွင် ၄.၅ ဘီလီယံ ရှိရာမှ ၁၉၈၅ ခု စက်တင်ဘာတွင် ၁၃ ဘီလီယံခန့် ဖြစ်လာသည်။
- ၁၉၈၅ နိုဝင်ဘာလတွင် တစ်ရာကျပ်တန် နှင့် ငါးဆယ်ကျပ်တန် ငွေစက္ကူများ ကို ဖျက်သိမ်းခဲ့သည်။
- ၁၉၈၇ စက်တင်ဘာလတွင် ၇၅ ကျပ်တန်၊ ၃၅ ကျပ်တန်၊ ၂၅ ကျပ်တန် ငွေစက္ကူများကို ဖျက်သိမ်းခဲ့သည်။

# စစ်အစိုးရ၏ ဈေးကွက်အခြေပြုခေတ် (၁၉၈၈ မှ ၂၀၁၀)

- ၁၉၈၈ ခု စက်တင်ဘာလ ၁၈ ရက်နေ့တွင် စစ်တပ်က နိုင်ငံတော်အာဏာကို လွှဲပြောင်းသိမ်းပိုက်ပြီး န၊ဝ၊တ အစိုးရ ကိုဖွဲ့စည်းခဲ့သည်။
- အာဏာ ဆက်လက်ချုပ်ကိုင်ထားနိုင်ရေးအတွက် တံခါးဖွင့် စီးပွားရေးစနစ်ကို ကျင့်သုံးမည်ဟု ကြေညာခဲ့သည်။
- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နှင့် ကုန်သွယ်မှုကို ဖွင့်ပေးပြီး လိုအပ်နေ သော ငွေကြေးအရင်းအမြစ်များ ရရှိအောင် စတင်ဆောင်ရွက်သည်။

# စစ်အစိုးရ၏ စျေးကွက်အခြေပြုခေတ် (၂)

- ၁၉၈၈ ခု နိုဝင်ဘာလ ၁၇ ရက်နေ့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။
- အစပိုင်း တွင် (၁၉၉၇ ခုနှစ်အထိ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အားရဘွယ် စီးဝင်လာခဲ့ပြီး၊ နောက်ပိုင်းကျဆင်းလာခဲ့သည်။
- ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ စီးဝင်လာသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှာ US$ ၃၆ ဘီလီယံ ခန့်ရှိသည်။
- အဓိကအားဖြင့် သဘာဝအရင်းအမြစ်တူးဖေါ်ထုတ်လုပ်ရေး၊ ရေတိုနှင့် အမြတ်ရလွယ်သည့် လုပ်ငန်းများတွင် ရင်နှီးမြှုပ်နှံကြသည်။
- သဘာဝ အရင်းအမြစ်အပေါ်အခြေခံသည့် လုပ်ငန်းများတွင် ရင်းနှီးမှုမှာ ၈၆%ရှိသည်။

# စစ်အစိုးရ၏ ဈေးကွက်အခြေပြုခေတ် (၃)

- ၁၉၈၈ ခု အောက်တိုဘာလတွင် ပို့ကုန်သွင်းကုန်လုပ်ငန်းများကို ပုဂ္ဂလိကများအား လုပ်ကိုင်ခွင့်ပြုကြောင်း ကြေညာသည်။
- သွင်းကုန်ထုတ်ကုန် လိုင်စင်စနစ်ဖြင့် နိုင်ငံခြားကုန်သွယ်မှုကို ထိန်းချုပ်ထားသည်။
- ဆန်စပါး အပါအဝင် ကုန်ပစ္စည်းအချို့ပြည်ပတင်ပို့မှုကို ပုဂ္ဂလိများ အား ပိတ်ပင်ထားခဲ့သည်။

# စစ်အစိုးရ၏ ဈေးကွက်အခြေပြုခေတ် (၄)

- ဈေးကွက်ကို တပိုင်းတစဖွင့်ပေးခြင်း၊ပွင့်လင်းမြင်သာမှု ကင်းမဲ့ခြင်းတို့ အပေါ်မှ ဗိုလ်ချုပ်ကြီးများနှင့် ပက်သက်ဆက်နွယ်နေသည့် လုပ်ငန်းရှင် ဆိုသူများ အကျိုးအမြတ်အမြောက်အများရရှိကြသည်။
- တချိန်တည်းတွင် နိုင်ငံရေးအရ အတိုက်အခံပြုသူများကို ဘက်ပေါင်းစုံမှ နည်းမျိုးစုံဖြင့် ဆက်လက်နှိပ်ကွပ်သည်။
- စီးပွားရေးတံခါးတဝက်တပျက် ဖွင့်ပေးမှုကြောင့် အစပိုင်း ကာလများတွင် အောင်မြင်မှုရရှိလာခဲ့သည်။ သို့သော် ၁၉၉၅ ခုနှစ် နောက်ပိုင်း ပြန်လည် ကျဆင်းသွားခဲ့သည်။
- ပြည်ပသို့ ကုန်စည်ပိုမိုတင်ပို့လာနိုင်ခဲ့သည်။ (၁၉၈၈ ခုတွင် ပြည်ပို့ကုန် တန်ဖိုး $ ၁၄၇ သန်း ရှိရာမှ ၁၉၉၅ ခုနှစ်တွင် $ ၈၄၆ သန်းဖိုးတင်ပို့)

# စစ်အစိုးရ၏ စျေးကွက်အခြေပြုခေတ် (၅)

- သဘာဝသယံဇာတများကို အတိုင်းအဆမရှိ ဆင်ခြင်တုံတရားကင်းမဲ့စွာ ရောင်းချမှု၊
- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ အထူးသဖြင့် စွမ်းအင်ဆိုင်ရာလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများစီးဝင်လာမှု၊
- နိုင်ငံခြားငွေ အရန် ရန်ပုံငွေ တိုးမြင့်လာ၊ ၂၀၁၀ နှစ်ကုန်တွင် US$ ၆.၁ ဘီလီယံ ရှိ။ (၉ လစာ သွင်းကုန်တင်သွင်းနိုင်သည်)

# စစ်အစိုးရ၏ စျေးကွက်အခြေပြုခေတ် (၆)

- န၊ဝ၊တ/န၊အ၊ဖ အစိုးရသည် ဘဏ္ဍာရေးနှင့် ငွေကြေးတည်ငြိမ်မှုကို လုံးဝ အရေးမထား၊ အလွန်အကျူး တာဝန်မဲ့စွာ လုပ်ဆောင်ခဲ့သည်။
- သုံးစွဲရာတွင် အထိန်းအကွပ်မရှိ အကျိုးမဲ့သုံးစွဲပြီး၊ ရငွေပိုင်းကို အလေးထား ဆောင်ရွက်ခြင်းမရှိပါ။
- အခွန်အကောက်မှရငွေမှာ ၁၉၈၁-၈၂ တွင် ဂျီ၊ဒီ၊ပီ ၏ ၁၀% ခန့် ရှိရာမှ၊ ၁၉၉၀-၉၁ တွင် ၆.၂% နှင့် ၂၀၁၀-၁၁ တွင် ၂.၇% ထိ ကျဆင်း လာသည်။
- သဘာဝဓါတ်ငွေ့ အပါအဝင် သဘာဝအရင်းအမြစ်များနှင့် နိုင်ငံပိုင်စီပွားရေး လုပ်ငန်းများ ပြည်ပသို့ ရောင်းချမှုမှ ရငွေများ ကို ၆ ကျပ်ဖြင့်သာ တန်ဖိုး သင့်သည့်အတွက် နိုင်ငံတော်ဘဏ္ဍာများစွာ ဆုံးရှုံးရသည်။

# စစ်အစိုးရ၏ ဈေးကွက်အခြေပြုခေတ် (၇)

- နိုင်ငံတော်ဘတ်ဂျက်တွင် လိုငွေများ နှစ်စဉ် တစ်နှစ်ထက်တစ်နှစ် ပိုမိုလာသည်။
- လိုငွေများကို အဓိကအားဖြင့် ငွေစက္ကူ ရိုက်နှိပ် ဖြည့်တင်းသည်။
- ပြည်တွင်းလှည့်လည်သုံးစွဲနေသည့် ငွေပမာဏ မှာ ၁၉၈၈ မတ်လတွင် ၁၁ ဘီလီယံရှိရာမှ၊ ၂၀၁၁ ခု ဒီဇင်ဘာလတွင် ၆.၅၇၂ ဘီလီယံထိ တိုးများလာသည်။
- ၁၉၈၈ မှ ၂၀၁၁ ခုနှစ်ကုန်အထိ ငွေပမာဏ အဆ ၅၀၀ ခန့်တိုး လာသည်၊ တစ်နှစ်ပျှမ်းမျှ ၂၅.၃% တိုးလာသည်။

# စစ်အစိုးရ၏ စျေးကွက်အခြေပြုခေတ် (၈)

- မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ မ၊ဆ၊လ မြေယာမူဝါဒအတိုင်း ပြောင်းလဲမှုမရှိပါ။
- အာဏာပိုင်များနှင့် အခွင့်ထူးခံစီးပွားရေးသမားများလုပ်သမျှ တောင်သူလယ်သမားများ ခါးစီး ခံခဲ့ကြရသည်။
- စက်မှုဇုန်တိုးချဲ့ရေး၊ အိမ်ယာမြေဆောက်လုပ်ရေး၊ တပ်ရင်းတပ်ဖွဲ့များ တိုးချဲ့ရေး၊ စသည့် အကြောင်းပြချက် အမျိုးမျိုးဖြင့် လယ်ယာမြေများ သိမ်းယူခြင်း ခံကြရသည်။ မတရားစျေးနှိမ်၍ ခြိမ်းခြောက်ဝယ်ယူမှုကို ခံကြရသည်။

# စစ်အစိုးရ၏ စျေးကွက်အခြေပြုခေတ် (၉)

- ၁၉၉၁ ဆယ်စု နှောင်းပိုင်းကာလအတွင်း ခရိုနီများအား ရေနက်ကွင်း စီမံကိန်းများကို အကောင်အထည် ဆောင်ရွက်စေမှုကြောင့် စီမံကိန်းဒေသတွင်း လုပ်ကိုင်နေထိုင်ကြသောတောင်သူလယ်သမားများ ဒုက္ခရောက်ကြရသည်။
- လွန်ခဲ့သော နှစ် ၂၀ အတွင်း နည်းမျိုးစုံဖြင့် သိမ်းယူပြီး ပုဂ္ဂလိက ကုမ္ပဏီလက်သို့ တရားမဝင် လွှဲပြောင်းပေးခဲ့သည့် မြေဧရိယာမှာ ဧက ၂ သန်းခန့် ရှိသည်ဟု ခန့်မှန်းကြသည်။

# စစ်အစိုးရ၏ စျေးကွက်အခြေပြုခေတ် (၁၁)

- ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်း
- ၁၉၉၇ ဆယ်စု နှောင်းပိုင်းကာလမှစ၍ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၇၇၀ ကျော်ကို ပုဂ္ဂလိက ပိုင်အဖြစ် လွှဲပြောင်းပေးခဲ့သည်။
- ၂၀၁၀-၁၁ ဘဏ္ဍာနှစ်အတွင်း လေကြောင်းလိုင်း ၁ ခု၊ ဓါတ်ဆီဆိုင် ၂၃၄ ဆိုင် အပါအဝင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူပိုင် အဆောက်အဦး အချို့ကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးခဲ့သည်။
- လွှဲပြောင်းပေးရာတွင် လွတ်လပ်စွာယှဉ်ပြိုင်ခွင့် နှင့် ထင်သာမြင်သာ ရှိမှု ကင်းမဲ့သည်။
- အများပြည်သူသုံးဝန်ဆောင်မှုလုပ်ငန်းများကို အထိန်းအကွပ်မရှိ ပုဂ္ဂလိကသို့ လွှဲပြောင်းပေးခြင်းဖြင့် အများကိုထိခိုက်နစ်နာစေသည်။

# ကျေးဇူးတင်ပါသည်။